တလုတ်ပင်ကိုင်းကျေးရွာ
လက်ခုပ်ပင်ကျေးရွာအုပ်စု၊မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊တလုတ်ပင်ကိုင်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ ၊၂၀၂၂ ခုဘဏ္ဍာရေးနှစ်

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ) ကျား – မဆိုင်ရာ ဆက်နွှယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

( ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

( စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

( ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့တလုပ်ပင်ကိုင်း ကျေးရွာ၏ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာအားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

စက်တင်ဘာလ၊၂၀၂၂ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
တလုတ်ပင်ကိုင်းကျေးရွာ
မင်းလှမြို့နယ်

# သယံဇာတပြမြေပုံ



# ရာသီခွင်ပြ ပြက္ခဒိန်



# အဖွဲ့အစည်းများပြပုံ



၅။ <u>တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>

တလုတ်ပင်ကိုင်းကျေးရွာသည် လက်ခုတ်ပင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၃၄)မိုင်ခန့်အကွာတွင်ရှိသည်။ သရက်–မင်းလှကားလမ်းမကြီးအရှေ့ဘက် (၆)ဖာလုံခန့်အကွာတွင် တည်ရှိသည်။ ရွာ၏အရှေ့၊အနောက်၊ တောင်၊မြောက်ဘက်တွင် လယ်/ယာစိုက်ခင်းများရှိပြီး ရွာပတ်လည်၌ မိုးရာသီတွင်သာစီးဆင်းလျှက်ရှိသော တညောင်းချောင်းကလေးရှိပါသည်။ မြေပြင်အနေအထားမှာ ညီညာပြန့်ပြူးမှု အသင့်အတင့်ရှိသော်လည်း မိုးအခါ၌ အချို့နေရာများတွင် ရေတိုက်စားမှုကြောင့်ချိုင့်ဝှမ်းများဖြစ်ပေါ်၍ ကား/ဆိုင်ကယ်များ သွားလာရန်ခက်ခဲမှုများရှိပါသည်။ ကျေးရွာ၏ အဓိကအားထားရသော စိုက်ပျိုးသီးနှံများမှာ နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးစိုက်ပျိုးကြပါသည်။ မိုးရေသောက်လယ်စပါး အနည်းငယ်ရှိသော်လည်း မိုးခေါင်ရေရှားမှုကြောင့် နှစ်စဉ် မစိုက်ပျိုးနိုင်ပါ။ ဆောင်းရွာသီတွင် ရေရှိမှုနည်းပါသဖြင့် သီးနှံစိုက်ပျိုး၍ မရပါ။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် နှစ်စဉ်ရာသီဥတုမမှန်၍ တောင်သူလယ်သမားများအတွက် အခက်အခဲကြုံတွေ့ရပါသည်။

တလုတ်ပင်ကိုင်းကျေးရွာသည် စပါးအသင့်အတင့် ၊ ပဲမျိုးစုံနှင့် ဆီးထွက်သီးနှံများ ထွက်ရာဒေသဖြစ်ပါသည်။ လယ်သမားများမှာမိုးရေကိုသာအဓိကထား စိုက်ပျိုးရပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သောကေမှာ (၁၈၇.၄၅)ကေရှိပြီး စပါးနှင့် နှမ်း ၊ ပဲမျိုးစုံနှင့် ဝါများ စိုက်ပျိုးကြသည်။ ကျေးရွာတွင် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ <u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

တလုတ်ပင်ကိုင်းကျေးရွာသည် အိမ်ထောင်စုပေါင်း (၄၉)အိမ် ၊ ကျား (၉၅) ၊ မ (၁၁၄) ဦးဖြင့် လူဦးရေပေါင်း (၂၀၉)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်း ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၁၀၆)ဦးခန့်ရှိပါသည်။

( ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

တလုတ်ပင်ကိုင်းကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် အကဲဖြတ်သော ဥစ္စာခနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲ ၊ ချမ်းသာမျှတမှုရှိပါသည်။ အိမ်ထောင်စု (၄၉)စု၏ (၃၀%)ခန့်သည် ဆင်းရဲ ပြီး (၇၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေကေ (၀)ကေမှ (၁)ကေ ပိုင်ဆိုင်သူများနှင့် ကျဘမ်းအလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး ၊ ထရံကာနှင့် သုံးပင်အိမ်အမျိုးအစားများ ဖြစ်ပါသည်။

ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေကေ (၂)ကေမှ (၁၀)ကေ ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်ကားလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြသည်။ အိမ်အခြေအနေမှာ ပျဉ်ခင်း ၊ ပျဉ်ကာ ၊ တစ်ထပ်တိုက် ၊ ၂ထပ်တိုက်များဖြစ်ပြီး ကုန်တင်ကားနှင့် ဖောကားပိုင်ဆိုင်သူများရှိသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားကြောင့် စီးပွားရေးအဆင့်အတန်း ဆင်းရဲ ၊ ချမ်းသာ မျှတမှုရှိပါသည်။

( ဂ ) **ဆင်းရဲနွမ်းပါးနှုန်းနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သောဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများနှင့် မြေယာမဲ့လက်လုပ် လက်စားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများဖြစ်ကြသည်။ ကျေးရွာရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန်ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင်ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်ထောင်စု တို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာ ရှိပါသည်။

(ဃ) **ကျန်းမာရေးနှင့် အဟာရ**

တလုတ်ပင်ကိုင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ လက်ခုတ်ပင်ကျန်းမာရေးဌာနနှင့် လင်းကယ်တိုက်နယ်ဆေးရုံတို့အား မှီခိုနေရပါသည်။ ကျေးရွာတွင်ကျန်းမာရေးဆရာမ မရှိပါ။ မွေးလူနာနှင့် အရေးကြီးလူနာများအား ကျေးရွာနှင့် (၅)မိုင်ခန့်ဝေးသော လင်းကယ်တိုက်နယ်ရေးရုံသို့ သွားရောက် ကုသရပါသည်။ ရာသီအလိုက်ဖျားနာခြင်းနှင့် သွေးတိုးရောဂါအနည်းငယ် တွေ့ရှိရပါ သည်။

( င ) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

တလုတ်ပင်ကိုင်းကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်းပညာရေးအဆင့်သာရှိပြီး ကျန်အများစုသည် အခြေခံ အရေးအဖတ် ၊ အတွက် ၊ အချက်တတ်မြောက်ကြသည်။ မူလတန်းအဆင့်ရှိသူ ကျား (၁၀) ဦး ၊ မ (၅)ဦး ရှိပြီးပေါင်း(၁၅)ဦး၊ အလယ်တန်းအဆင့် ရှိသူများ ကျား(၈)ဦး ၊ မ (၉)ဦး ၊ စုစုပေါင်း (၁၇)ဦး ၊ အထက်တန်းအဆင့်ရှိသူ ကျား(၇)ဦး ၊ မ (၇)ဦးရှိပြီး ပေါင်း(၁၄)ဦး ၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ ကျား(၃)ဦး ၊ မ (၅)ဦးရှိပြီး ပေါင်း (၈)ဦး ရှိပါသည်။

( စ)  **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား–မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား–မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် – အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား–မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)  **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

တလုတ်ပင်ကိုင်းကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင်အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ၊လမ်းကော်မတီအဖွဲ့ ရေပေးဝေရေးအဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့ လူငယ်အမျိုးသား အမျိုးသမီးအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်း အဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ကျေးရွာသို့ လာရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

( ခ)  **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

တလုတ်ပင်ကိုင်းကျေးရွာတွင် စပါး ၊ နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထားစိုက်ပျိုးကြပါသည်။ မိုးရေကိုအဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်တောင်သူ (၃၇)ဦးရှိ၍ လယ်ကေ(၃၃.၉၅) ၊ ယာမြေ (၁၈၃)ကေ ၊ ရွှေ့ပြောင်းတောင်ယာ (၁၄.၅) ကေ ရှိပြီး စုစုပေါင်းစိုက်ပျိုးကေမှာ (၁၈၇.၄၅)ရှိပါသည်။ နှမ်း ၊ ပဲစဉ်းငုံ ၊ မိုးမြေပဲ သီးနှံများအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးပါသည်။ ပဲကြီး ၊ ကုလားပဲအား ၊ ဝါ သီးနှံများကို တော်သလင်း လတွင် စိုက်ပျိုးပါသည်။

နှစ်စဉ် ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်း လျော့ကြပါသည်။ ထွန်ယက်ရန် ထွန်စက်ပိုင်ရှင်များထံမှ ငှားရမ်းအသုံးပြုရပါသည်။ ငွေကြေးမလုံလောက်၍ ချေးငွေယူလုပ်ကိုင်ကြရပါသည်။ လုပ်သားရှားပါးသောကြောင့် ငှားရမ်းလုပ်ကိုင်ရပါသည်။ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်မှုရှိပြီး ပိုးသတ်ဆေးများ သုံးစွဲလုပ်ကိုင် ကြပါသည်။ ထို့ကြောင့် လုပ်သားစရိတ်ကြီးမြင့်မှု ပိုးသတ်ဆေးဓာတ်မြေသြဇာ ဈေးနှုန်းကြီးမြင့်မှုများကြောင့် တောင်သူအများစုမှာ ထိုအခက်အခဲနှင့်ကြုံတွေ့နေရပါသည်။၎င်း အခက်အခဲများပြေလည်ရန် စိုက်ပျိုးရေး.ဘဏ်မှ ချေးယူငွေရရှိကြပါသည်။

**( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

တလုတ်ပင်ကိုင်းကျေးရွာတွင် ဈေးရောင်းချသူနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလုပ်ကိုင်ကြသည်။ မြေယာမဲ့လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမမှန်သောကြောင့် တချို့မှာ တနယ်တစ်ကြေးဖြစ်သော ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ်လုပ်ရပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

တလုတ်ပင်ကိုင်းကျေးရွာတွင် သစ်တော (၅ဂ)ခန့် ဖုံးလွှမ်းပြီး ၎င်းသစ်တောများအား သစ်ရိုင်းတောအဖြစ်မှ အသုံးဝင်သော သစ်မာများအဖြစ်သို့ စနစ်တကျ ပြောင်းလဲ ပေးနိုင်လျှင် ကျေးရွာအတွက် ဝင်ငွေရရှိသော ဝင်ငွေများဖြစ်လာနိုင်သည်။ ကျေးရွာ၏နံဘေးတွင် မိုးတွင်းအခါ၌ ရေစီးသောချောင်းရှိပြီး ရေတားစနစ်အသုံးပြု၍ ရေတင်စိုက်ပျိုးလုပ်နိုင်ပါက ကျေးရွာအတွက် စားနပ်ရိပ်ခါ ဖူလုံနိုင်သည့် အနေအထားတွင်ရှိနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက်ပေးရန် လိုအပ်လျှက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ ရွာပတ်ဝန်းကျင်ရှိ သဘာဝတောများအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှသာ ရာသီဥတုပိုမိုကောင်းမွန်လာပါမည်။

**( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

တလုတ်ပင်ကိုင်းကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်း ၊ တစ်ကြေတစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး (၁ဂ)ကေအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ

ချေးငွေရယူသူများမှာ အနည်းငယ်သာရှိပြီး ကျန်တောင်သူများမှာ မိမိအစီအစဉ်ဖြင့်သာလုပ်ကိုင်ကြပါသည်။

(စ) **ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

တလုတပင်ကိုင်းကျေးရွာတွင် ပညာရေးအနေဖြင့် မူလတန်းအဆင့်ရှိ ပြီး ပေ(၆၀) ၊ပေ(၃၀) (အာစီ)တစ်ထပ်အဆောက်အဦး တစ်ဆောင်ရှိပါသည်။ ကျောင်းတွင်ပရိဘောဂ ပြည့်စုံလုံလောက်မှု မရှိပါ။ ကျောင်း သားဦးရေမှာ(၁၇)ဦးနှင့် ဆရာ/ဆရာမ(၄)ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့် ဆရာမအချိုးမှာလုံလောက်မှု ရှိသော်လည်း တန်းစဉ်ခွဲဝေမှုတွင် ဆရာ/ဆရာမလိုအပ်ချက်ရှိပါသည်။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ်၊ ဖတ်တတ်ကြသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး) သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသောကြောင့် ဗဟုသုတနည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ်ကောလိပ်အထိ ပညာသင်ကြားနေသူ (၃၇)ယောက်ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်တန်းအဆင့် ပညာသင်ကြားနေသော ကလေးများမှာ ကျေးရွာနှင့် (၂)မိုင်ခန့်ကွာသော လက်ခုပ်ပင်ကျေးရွာ(ထ)ခွဲသို့ ချေလျှင်သွားရောက် ကျောင်းတက်နေရပါသည်။ ထို့ကြောင့် ကျေးရွာတွင် မူလတန်းလွန်ကျောင်းဆောင် လိုအပ်လျှက်ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် (၂)မိုင်ခန့်ဝေးသော လက်ခုတ်ပင်ကျေးရွာမှ ဆရာမများအား အားကိုးနေရပါသည်။ ကျေးရွာရှိလူငယ်များသည် ဘာသာရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိခြင်း ၊ စာပေဟောပြောပွဲများများမရှိခြင်းတို့ကြောင့် လူငယ်များမှာ အလုပ်လုပ်ချင်သော်လည်း ဗဟုသုတမရှိခြင်းကြောင့် စနစ်တကျ အလုပ်မလုပ်တတ်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ဘောလုံးကန် ၊ ခြင်းခတ် ၊ ဘောလီဘော ကစားခြင်း ၊ ကစားကွင်းရှိသော်လည်း ကျွမ်းကျင်မှုမရှိသည့်အတွက် အားကစားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

တလုတ်ပင်ကိုင်းကျေးရွာတွင် ရွာတွင်းလမ်းများမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မင်းလှမြို့၊သရက်မြို့များသို့ သွားလာရာတွင် ဆိုင်ကယ် ၊ ကားများကိုသာ အသုံးပြုရပါသည်။

တလုတ်ပင်ကိုင်းကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် လျှပ်စစ်ဓါတ်အားသုံးစွဲနိုင်မှုမရှိပါ။ ကျေးရွာတွင် အများပိုင် အင်ဂျင်မီးစက်ဖြင့် မီးသုံးစွဲနိုင်ပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်း ၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

တလုတ်ပင်ကို်ငးကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ် အေးချမ်းစွာ ရှိပါသည်။ ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာတတ် စေရန် နယ်မြေရဲကင်းမှ တစ်နှစ်တစ်ကြိမ်(သို့) နှစ်ကြိမ်ခန့်မှူမှုခင်းဖြစ်ပွားမှု နည်းအောင် အသိပညာပေးဟောပြောပွဲများ လာရောက်ပြုလုပ်သည့်အတွက် ကျေးရွာလူထုမှ ဥပဒေအသိပညာများ ရရှိပါသည်။ ကျေးရွာတွင် မှုခင်းများမရှိ သလောက်နည်းပါးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်၍ နေ့စဉ် မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက် ထားရှိသည်ကို တွေ့ရပါသည်။ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်သင်တန်းသားများ ခေါ်ယူ၍ သင်တန်းပေးထားပါသည်။

( ဈ ) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

တလုတ်ပင်ကို်ငးကျေးရွာရှိ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်း မွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုဘျအား ဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများအတွက်(၅)မိုင်ခန့်ဝေးသောလင်းကယ်ဆေးရုံသို့ သွားရောက် ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ

လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။ တလုတ်ပင်ကိုင်းကျေးရွာတွင် စားကျက်မြေ အနည်းငယ် ရှိပါသည်။

သဘာ၀အရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေများသည် မြေဆီလွှာဓါတ်အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ်နွားများကိုလည်း မွေးမြူကြသည်။ မွေးမြူရေး အတွက် အလားအလာကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများဖွင့်လှစ်ရန် လိုအပ်သည်။ ကျေးရွာ၏အဓိက လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းမှာ အသိပညာ အားနည်းသည့်အတွက် မျိုးရွေးချယ်မှု အားနည်းခြင်း ၊ပိုးသတ်ဆေးသုံးစွဲမှုမမှန်ကန်ခြင်း ကြောင့်သီးနှံ အရည်အသွေးညံ့ဖျင်း၍ ဈေးနှုန်းကောင်းစွာမရရှိသည့်အတွက် စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးရန် လိုအပ်လျှက်ရှိပါသည်။

(၂) **အဟန့်အတားနှင့် စိန်ခေါ်မှု**

တလုတ်ပင်ကိုင်းကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုအားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ စပါး ၊ ဝါ ၊ ပဲကြီး ၊ မြေပဲ ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်း ကျဆင်းလျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများ ကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ် ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့် နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ်အတွက် ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှ အတိုးကြီးစွာ ချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ

အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေး ပါ။တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက် အပံ့များ ရရှိရန် လိုအပ်လျှက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျှက်ရှိပါသည်။

# မင်းလှမြို့နယ်လက်ခုတ်ပင်ကျေးရွာအုပ်စု ၊ တလုပ်ပင်ကိုင်းကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | -ရွာတွင်းလမ်းများမကောင်း | -မြေသားလမ်းဖြစ်နေခြင်း | - ကျေးရွာလူထုမှလုပ် | | -ရွာအဝင်လမ်းကွန်ကရစ်ခင်း | -ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း |
| | ခြင်း | - ရွံ့ဗွက်များထူနေခြင်း | အားနှင့်ငွေကြေးထည့် | | ခြင်း | - ရွာတွင်းလမ်းများမြေ |
| | | - မြေစီးများဖြစ်နေပြီးမိုး | ဝင်နိုင်ခြင်း | | - ရွာတွင်းလမ်းများမြေ | နီကျောက်စရစ်ခင်းခြင်း |
| | | ရာသီတွင် သွားလာရ | | | နီကျောက်စရစ်ခင်းခြင်း | -ကျေးရွာမီးလင်းရေးလုပ်ငန်း |
| | | ခက်ခဲခြင်း | | | | ဆောင်ရွက်ခြင်း |
| | -လျှပ်စစ်မီးမရရှိခြင်း | -မြို့နှင့်အလှမ်းကွာဝေးခြင်း | - | - ငွေကြေးမတတ်နိုင်ခြင်း | - မီးလင်းရေးကော်မတီ | -လျှပ်စစ်မီးသွယ်တန်းခြင်း |
| | | -မဟာဓာတ်အားလိုင်း | | | ဖွဲ့စည်း၍ လျှပ်စစ်ဦးစီး | -မီးသတ်အုတ်ရေကန်တည် |
| | | နှင့်ဝေးကွာခြင်း | | | ဌာနနှင့် ချိတ်ဆက် | ဆောက်ခြင်း |
| | | | | | ဆောင်ရွက်ခြင်း | |
| ၂ | **ပညာရေး** | | | | | |
| | -ဆရာ/ဆရာမများနေအိမ် | -ငွေကြေးမလုံလောက်ခြင်း | -ပညာရေးဦးစီးဌာနနှင့်ချိတ် | ငွေကြေးမရှိခြင်း | -ပညာရေးဌာနနှင့်ချိတ်ဆက်၍ | -ဆရာ/ဆရာမဝန်ထမ်းအိမ်ရာ |
| | ပျက်စီး၍ ဟောင်းနွမ်းနေ | | ဆက်ဆောင်ရွက်နိုင်ခြင်း | | လိုအပ်ချက်များတင်ပြတောင်းခံ | တည်ဆောက်ခြင်း |
| | ခြင်း | | | | ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **ကျန်းမာရေး** | | | | | |
| | ရုတ်တရက်ဖြစ်ပေါ်လာ | -မြို့နှင့်အလှမ်းကွာဝေးခြင်း | -ဆေးပေးခန်းတည် | - ဆင်းရဲသောမိသား | -ကျန်းမာရေးဆိုင်ရာ | -ကျန်းမာရေးဆေးပေး |
| | သည့်ကျန်းမာရေးကိစ္စ | -ကျေးရွာတွင်အရေးပေါ်ဆေး | ဆောက်ရန်မြေနေရာရှိ | စုများအတွက် မြို့သို့ | အဆောက်အဦးပစ္စည်း | ခန်းနှင့် ကျန်းမာရေးဝန်ထမ်း |
| | များအတွက်အခက်အခဲ | ကုသရန် ဆေးပေးခန်းမရှိခြင်း | ခြင်း | သွားရောက်ကုသရန် | ကိရိယာများပြည့်စုံစွာ | တင်ပြတောင်းခံခြင်း |
| | ရှိခြင်း | -မိုးရာသီတွင်သွား | | အခက်အခဲရှိခြင်း | ဖြည့်ဆည်းခြင်း | - |
| | | လာရခက်ခဲခြင်း | | - နေ့စဉ်မြို့ပေါ်သို့ | | |
| | | | | သွားရောက်ကုသနေ | | |
| | | | | ခြင်း | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | | ၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၇ | ၁၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၅ | ၁၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၄ | ၆ | ၁၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၉ | ၈၇ | ၁၅၆ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၉ | ၁၅ | | |
| စုစုပေါင်း | | ၉၅ | ၁၁၄ | ၂၀၉ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၄၉ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ တလုတ်ပင်ကိုင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၉)စုရှိပြီး ကျား(၉၅)ဦး၊ မ(၁၁၄)ဦး စုစုပေါင်း(၂၀၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်း ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အရွယ်(၁၅၆)ဦး ရှိသော်လည်း ထိုသူများအတွက် အလုပ်ပေးနိုင်မှု အားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျှက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် | ရပ်တည်နိုင်မှု (မှတ်ချက်ကိုင |
|---|---|---|---|---|---|---|---|
| | | အိမ် | မိသား | အမျိုးသမီး | ဦးရေ | | |

| | | ထောင်စု | စုဝင်လုပ်အား | ဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | ၁၂၄ | ၁၈ | ၅၀ | ၄၆ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | | ၂ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | ၁ | ၂ | ၃ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချောစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်

အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ကုန်းစုံဆိုင် (၃)ဦး၊ ပို့ဆောင်ရေးအတွက် မော်တော်ယာဉ်ပိုင်ဆိုင်သူ (၁)ဦး၊ပြည်တွင်း၊ ပြည်ပသွားရောက် လုပ်ကိုင်သူအသင့်အတင့်ရှိပြီး အစိုးရဝန်ထမ်းလုပ်ကိုင်သူ (၁)ဦးသာရှိ၍ လစဉ်ပုံမှန်ဝင်ငွေရှိသော မိသားစုနည်းပါးပါသည်။ အခြားဝင်ငွေရ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများရရှိရန် လိုအပ်လျှက် ရှိကြောင်းတွေ့ရသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်ကြသော လုပ်သားများသည် ရာသီချိန်တွင်သာ အလုပ်ရရှိနိုင်ကြပါသည်။ ရွာတွင်အလုပ်မရနိုင်သည့် အချိန်တွင် အခြားဒေသများသို့ ကာလတိုသွား ရောက် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၃.၆၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ယာမြေ / တောင်ယာမြေ | ၁၃၈.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၉.၅၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| မြေလွတ်မြေလပ် | ၆.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စုစုပေါင်း | ၁၈၇.၄၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၁၈၇.၄၅)ဧက ရှိသည်။ ထိုဧကများတွင် စပါး၊နှမ်း၊ဝါ၊ပဲကြီး ပဲစဉ်းငုံသီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ကုလားပဲသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေးမှာညံ့သော အဆင့်သာဖြစ်ပြီး သဘာဝမိုးရေ ကိုသာအဓိကထား၍ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီးတွင် ချောင်းကျောက်စရစ်များ အနည်းငယ်ရှိသော်လည်း လွယ်ကူစွာအသုံးမပြုနိုင်ပါ။ ရွာပတ်ဝန်းကျင်တွင် ချောင်းရေများရှိသော်လည်းလက် ရက်တွင်းများသာ ဖြစ်သောကြောင့် နွေရာသီတွင် ရေရှားပါးမှုဖြစ်နိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေ သာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၁၅ | ၁၅ | ၉ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိအိမ်ထောင်စုများသည် တောင်သူလုပ်ငန်းအား အဓိကလုပ်ကိုင်

ကြ၍အလွန်မပြေလည်သော အိမ်ထောင်စု အနည်းငယ် ရှိသည်တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = _____ ______<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
